## ဂျပန်နိုင်ငံရှိ တက္ကသိုလ်/ကောလိပ်များတွင် ခွင့်ပြုချက်ဖြင့် ပညာသင်ကြားလျက်ရှိကြသော ပညာသင် ( Scholars ) များ သိရှိလိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များ

**ပညာသင်ရောက်ရှိကြောင်း သတင်းပို့ခြင်း**

- ပညာသင်များအနေဖြင့် သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့သို့ လိပ်မူ၍ အမည်၊ ရာထူး၊ ဌာန၊ ဝန်ကြီးဌာန ဂျပန်နိုင်ငံသို့ ရောက်ရှိသည့် ရက်၊ ပညာသင်ကြားမည့် တက္ကသိုလ်/ ကောလိပ်အမည်၊ သင်ကြားမည့် ဘာသာရပ်၊ ပညာသင်ကြားမည့်ကာလ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (Mobile phone, e-mail) စသည်တို့ ပြည့်စုံစွာ ဖော်ပြသည့် ကိုယ်ရေးလျှောက်လွှာ၊ ဖြည့်စွက်ထားသည့်ကိုယ်ရေးမှတ်တမ်း (ခတ်ပုံကပ်လျက်) (၁)စောင်၊ D/O မိတ္တူ(၁)စောင်၊ နိုင်ငံကူးလက်မှတ်မိတ္တူ (ခတ်ပုံပါစာမျက်နှာ) (၁)စောင်၊ တက်ရောက်မည့် တက္ကသိုလ်/ကောလိပ်မှ (acceptance Letter) သို့မဟုတ် တက်ရောက်လျက်ရှိကြောင်း ထောက်ခံစာများကို ဂျပန်နိုင်ငံသို့ ရောက်ရှိပြီး (၁)ပတ်အတွင်း ကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် (သို့မဟုတ်) သံရုံး၏ e-mail မှ တစ်ဆင့် မြန်မာသံရုံး၊ တိုကျိုမြို့သို့ ပေးပို့ကြရန်၊

ပညာသင်များအနေဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များဆောင်ရွက်ရာတွင် **သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့မှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်-**

**(၃) လပတ်အစီရင်ခံစာပေးပို့ခြင်း**

- ပညာသင်ကာလ တိုးမြှင့်ရန်အမှန်တကယ်လိုအပ်ကြောင်း သက်ဆိုင်ရာ တက္ကသိုလ်/ ကောလိပ်/ကျောင်းမှ ပါမောက္ခ၏ ထောက်ခံစာ၊ ပညာသင် ထောက်ပံ့ကြေးရရှိခြင်း ရှိ/မရှိ ဖော်ပြလျက် ပညာသင်ကိုယ်တိုင် အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် ပညာသင်ကာလမကုန်ဆုံးမီ (၃)လ ကြိုတင်၍ လျှောက်ထားရန်၊

**မြန်မာနိုင်ငံကူးလက်မှတ်တွင် နိုင်ငံတိုးဖြည့်စွက်ရန် လျှောက်ထားခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ၊ ဆွေးနွေးပွဲသို့တက်ရောက်ရန် ထောက်ပံ့မည့်အဖွဲ့အစည်း (သို့မဟုတ်) မိမိစရိတ်ကို တစ်ပါတည်းဖော်ပြရန်၊ (စာတမ်းဖတ်ပွဲ/ ဆွေးနွေးပွဲ မတိုင်မီ (၃)လ ကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ
- စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ ပြုလုပ်သည့် အဖွဲ့အစည်းဘက်မှ ဖိတ်ကြားစာ

**နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ (သက်တမ်းမကုန်မီ (၂)လ ကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ
- ကိုယ်ရေးမှတ်တမ်း + ဓာတ်ပုံ (၁)ပုံ
- နိုင်ငံကူးလက်မှတ်မိတ္တူ

**နိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်ခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ (သက်တမ်းမကုန်မီ (၂)လ ကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ
- နိုင်ငံကူးလက်မှတ်အဟောင်းမိတ္တူ
- ကိုယ်ရေးမှတ်တမ်း
- ဓာတ်ပုံ 35 x 45 mm (Soft Copy-CD)
- စာရွက်ဖြူပေါ်တွင် ရှင်းလင်းပြတ်သားစွာရေးထိုးထားသော လက်မှတ် (Soft Copy-CD)

**သုတေသနအချက်အလက်များကောက်ယူရန် မြန်မာနိုင်ငံသို့ ခေတ္တပြန်ခွင့်လျှောက်ထားခြင်း**

- ကိုယ်တိုင်ရေးလျှောက်လွှာ (မြန်မာနိုင်ငံသို့မသွားမီ (၂)လ ကြိုတင်လျှောက်ထားရန်)
- တက်ရောက်နေသည့် တက္ကသိုလ်၊ ကျောင်း၊ သင်တန်းမှ သက်ဆိုင်ရာ ပါမောက္ခ၏ ထောက်ခံစာ၊

**တက္ကသိုလ်/ တည်ခိုနေထိုင်သည့် လိပ်စာပြောင်းရွှေ့ခြင်း**

- မိမိတက်ရောက်နေသည့် တက္ကသိုလ်/ ကောလိပ်နှင့် နေထိုင်ရာ အဆောင်လိပ်စာ ပြောင်းလဲမှုရှိတိုင်း မြန်မာသံရုံးသို့ ဆက်သွယ်၍ သတင်းပို့ အကြောင်းကြားရန်၊

**ပညာသင်ကာလပြီးဆုံးခြင်း**

- ပညာသင်များအနေဖြင့် ပညာသင်ကာလပြီးဆုံး၍ဖြစ်စေ၊ အခြားအကြောင်းအမျိုးမျိုးကြောင့် ဂျပန်နိုင်ငံမှ ပြန်လည်ထွက်ခွာရမည်ဆိုပါက ထွက်ခွာမည့် နေ့ရက်၊ လေယာဉ်ပျံသန်းအမှတ်၊ ခရီးစဉ်တို့ကို သတင်းပို့အစီရင်ခံရန်၊

**စုံစမ်းမေးမြန်းခြင်း**

- ဂျပန်နိုင်ငံရှိ တက္ကသိုလ်/ ကောလိပ်/ ကျောင်းများအသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားများအနေဖြင့် သိရှိလိုသည်များရှိပါက ဆက်သွယ်ရန် e-mail လိပ်စာမှာ educationtokyo2025@gmail.com ၊ တယ်လီဖက်စ် အမှတ်၊ (81) (3) 3447-7394 တို့ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး**

**တိုကျိုမြို့**

**ဂျပန်နိုင်ငံ**